**စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ**

**General Strike Committee – GSC**

## "ပြည်သူလူထုအား အသိပေးကြေညာခြင်း"

မေလ၊ ၂၆ ရက်၊ ၂၀၂၄ ခုနှစ်။

၁။ မေလ၊ ၂၂ ရက်၊ ၂၀၂၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော "ရခိုင်ပြည်နယ် မြောက်ပိုင်း အခြေအနေများနှင့် ပတ်သက်ပြီး တော်လှန်ရေးအင်အားစုများနှင့် အရပ်ဘက်အဖွဲ့အစည်း ၁၉၅ ဖွဲ့၏ သဘောထား ပူးတွဲထုတ်ပြန်ချက်" တွင် ပါဝင်သော အဖွဲ့အစည်းများ၏ အမည်စာရင်းကိုဖော်ပြရာတွင် မိမိတို့ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ (GSC)လည်း ပါဝင်ခဲ့ပါသည်။

၂။ အဆိုပါ ပူးတွဲထုတ်ပြန်ချက်တွင် မိမိတို့ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ (GSC) ၏ အမည်ပါဝင်ခဲ့မှုသည် မိမိတို့၏ အဖွဲ့အစည်းတွင်း ဆွေးနွေးညှိနှိုင်း သဘောထားရယူမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း အားနည်းချက်များကြောင့် ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပြီး စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ (GSC) တွင်ပါဝင်လျက်ရှိသည့် အစုအဖွဲ့အားလုံး၏ သဘောထားနှင့် အမြင်အား ထင်ဟပ်ခြင်းမရှိပါ။

၃။ ထိုကဲ့သို့ မိမိတို့ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ (GSC) အနေဖြင့် ကြေညာချက်တွင် ပါဝင်ခဲ့မှုမှာ မိမိတို့၏ အဖွဲ့အစည်းတွင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အားနည်းချက်ကြောင့် ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သဖြင့် ပြည်သူလူထုအား မိမိတို့မှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ထို့အပြင် အဆိုပါ ပူးတွဲထုတ်ပြန်ချက်မှ မိမိတို့ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ (GSC) နှုတ်ထွက်ကြောင်းကို အသိပေး ကြေညာအပ်ပါသည်။

၄။ စတင်ဖွဲ့စည်းခဲ့ချိန်နှင့် စတင်ဖွဲ့စည်းချိန်မတိုင်မီကပင် မိမိတို့ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ (GSC) နှင့် မိမိတို့၏ အဖွဲ့ဝင်အဖွဲ့အစည်းများ၊ ရဲဘော်များ၏ အစဉ်အမြဲရပ်တည်ချက်ဖြစ်သော ရိုဟင်ဂျာ အပါအဝင် အခြားသော အဖိနှိပ်ခံ လူနည်းစုများ၏ လူသားဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးတို့အတွက် အကြွင်းမဲ့ ကာကွယ်ရပ်ခံသည့် ရပ်တည်ချက်အား မိမိတို့အနေနှင့် မယိမ်းမယိုင် ဆက်လက်ခံယူထားကြောင်း အသိပေးတင်ပြလိုပါသည်။

info.gsc@protonmail.com
https://www.facebook.com/GeneralStrikeCommittee

**ပြည်သူလူထုအား အသိပေးကြေညာခြင်း**

၅။ ထို့ပြင် ရခိုင်ပြည်နယ်အတွင်း လက်ရှိ ဆင်နွှဲနေသော စစ်သုံးစစ်တိုက်ဖျက်ရေး တော်လှန်ရေးအရှိန်အဟုန်အား မိမိတို့ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ (GSC) သည် ဆက်လက် ထောက်ခံ ရပ်တည်လျက်ရှိကြောင်း ထပ်လောင်း ဖော်ပြအပ်ပါသည်။

၆။ လက်ရှိ ရခိုင်ပြည်နယ်၏ အခြေအနေ အပေါ်တွင် မိမိတို့ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ (GSC) တစ်ရပ်လုံး၏ ရှင်းလင်းသော သဘောထားအမြင်တရပ် ကျေလည်စွာ ပေါ်ထွက်လာနိုင်ရန် ရိုဟင်ဂျာ၊ ရခိုင် အပါအဝင် အဖိနှိပ်ခံပြည်သူလူထုတရပ်လုံး၏ ပကတိအခြေအနေများကို ဆက်လက် လေ့လာ စောင့်ကြည့်သွားမည် ဖြစ်ကြောင်းကိုလည်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ**

**General Strike Committee – GSC**